# ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ သောကြာနေ့၊ (24-12-2010)(၆၆၂၂)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





## အမျိုးသားအားကစားအဆင့်အတန်းမြင့်မားရေးနှင့် အရှေ့တောင်အာရှ၊ အာရှအားကစားပြိုင်ပွဲများ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရေး နေပြည်တော်၌ နိုင်ငံတကာအဆင့်မီဘောလုံးကွင်းနှစ်ကွင်း တည်ဆောက် မန္တလေးမြို့၌လည်း နိုင်ငံတကာအဆင့်မီ အမျိုးသားအားကစားဥယျာဉ်စီမံကိန်း(မန္တလေး)ကို တည်ဆောက်သွားရန်စီစဉ်

### လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းကို နိုင်ငံတကာအဆင့်မီဘောလုံးကွင်းအဖြစ် တိုးချဲ့တည်ဆောက်

နေပြည်တော် ဒီဇင်ဘာ ၂၃

**မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း တိုးချဲ့တည်ဆောက်ရေး စီမံကိန်းဆောင်ရွက်မည့် အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။**

အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦးသည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းသို့ နံနက် ၈ နာရီတွင် ရောက်ရှိလာရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)သည် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၏ အထူးတန်းပွဲကြည့်စင် အပါအဝင် အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်ပွဲကြည့်စင် အခြေအနေများနှင့် ဘောလုံးကွင်းဖွဲ့စည်းထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အတွင်းရေးမှူး(၁)အား ဘောလုံးကွင်း၏မြောက်ဘက် ယာယီရှင်းလင်းဆောင်၌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းကို အရှေ့ဘက်တွင် အမိုးပါ ပွဲကြည့်စင်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် ပွဲကြည့်စင်များ တိုးချဲ့တည်ဆောက်မည့် အစီအစဉ်များကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့☆**

ရန်ကုန်မြို့၌ ယခင်ရှိပြီးဖြစ်သည့် ကလေးဆေးရုံကြီးရှေ့ မျက်နှာစာရှိ ယခင်ကျန်းမာရေးဝန်ကြီးရုံးအဆောက်အအုံကိုလည်း ကလေးဆေးရုံအဖြစ် တိုးချဲ့မွမ်းမံတည်ဆောက်နေ။

အလားတူ မန္တလေးမြို့၌လည်း ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီးကို ထပ်မံတိုးချဲ့တည်ဆောက်နေ၊ ဆေးရုံကြီးများ တည်ဆောက်ရာတွင်လည်း ဆေးကုသမှုလိုအပ်ချက်နှင့် တည်ဆောက်မှုတို့ အသုံးတည့်၍ အံဝင်ခွင်ကျဖြစ်ရန်အတွက် ညှိနှိုင်းတည်ဆောက်။

**မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး သယ်န်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၏ ပွဲကြည့်စင်များအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**

(အပေါ်ပုံ) (သတင်းစဉ်)

ကြေးမုံ
The Mirror

၂၄-၁၂-၂၀၁၀
(သောကြာနေ့)

# အရည်အသွေးမြင့် မြန်မာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်

နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားရှိနေသည့် ကော်ဖီပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ကော်ဖီပင်များ တိုးချဲ့စိုက်ပျိုးနေကြသည်။ ရာသီဥတုအေးမြသည့် တောင်ပေါ်ဒေသများ၊ မြေပြန့်နည်းပါးသည့် တောင်စခန်းမြို့များတွင် အများအားဖြင့် စိုက်ပျိုးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကုန်းမြင့်ကော်ဖီနှင့် မြေနိမ့်ကော်ဖီနှစ်မျိုးကို အဓိကထားစိုက်ပျိုးကြသည်။ ကုန်းမြင့်ကော်ဖီကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်တို့တွင် စိုက်ပျိုးသည်။ မြေနိမ့်ကော်ဖီကို ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း၊ ကရင်ပြည်နယ် သံတောင်မြို့နယ်တို့တွင် အများအပြား စိုက်ပျိုးလျက်ရှိသည်။

ပြင်ဦးလွင်၊ နောင်ချို၊ ရွာငံ၊ ရပ်စောက်တို့တွင် ကော်ဖီစီမံကိန်းနယ်မြေသတ်မှတ်၍ စိုက်ပျိုးလျက်ရှိသည်။ နှစ်ပေါင်းများစွာ ကော်ဖီစိုက်ပျိုးခဲ့သည့်အတွေ့အကြုံရှိသဖြင့် စီးပွားဖြစ်စိုက်ပျိုးဖြစ်ထွန်းရန် အလားအလာကောင်းမွန်သည်။ မြေလွတ်မြေရိုင်းများတွင် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကော်ဖီစိုက်ဧက တစ်သောင်းကျော်ရှိသည့်အနက် နောင်ချိုမြို့နယ်တွင် အများဆုံးတွေ့ရသည်။ ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ်တို့တွင် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက မြေဧက တစ်သိန်းကျော် ဖော်ထုတ်ပေးထားသည်။

ကော်ဖီစိုက်ပျိုးရေးနှင့် ထုတ်လုပ်မှုနည်းပညာများကို မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ကူညီလျက်ရှိသည်။ စိုက်ခင်းတည်ထောင်ခြင်း၊ ပျိုးပင်ရောင်းဝယ်ခြင်း၊ ထွက်ရှိလာသော ကော်ဖီသီးများ ဈေးကွက်ဝင် ထုတ်လုပ်ခြင်းတို့ကို အားပေးကူညီလျက်ရှိသည်။ ပြင်ဦးလွင်ရှိ ကော်ဖီစီမံကိန်းနှင့် ကော်ဖီသုတေသနဌာနတို့ကလည်း လုပ်ငန်းရှင်များအား ကော်ဖီထုတ်လုပ်ဖြန့်ဖြူးခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်နေကြသည်။

ယခုအခါ အသင့်သောက်နိုင်သောကော်ဖီထက် အနံ့အရသာကောင်းမွန်ပြီး ကျန်းမာရေးအထောက်အကူပြုသော သဘာဝကော်ဖီကို ပိုမိုသောက်သုံးလာကြသည်။ နယ်စပ်ဒေသများတွင် ကော်ဖီအခြေခံ သကြားလုံး၊ ကော်ဖီမစ်နှင့် ဖျော်ရည်စက်ရုံများ တည်ဆောက်လုပ်ကိုင်နေကြသဖြင့် ကုန်ကြမ်းလိုအပ်ချက်များလာသည်။ ဈေးကွက်တွင် ကော်ဖီလိုအပ်ချက် မြင့်မားလာလျက်ရှိရာ စိုက်ခင်းများ စနစ်တကျထူထောင်တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် အရည်အသွေးမြင့် မြန်မာ့ကော်ဖီပို့ကုန် ပိုမိုထုတ်လုပ်တင်ပို့လာနိုင်မည် ဖြစ်ပါသည်။ ။



ရှုပါသိဒ္ဓိ လျှပ်စစ်ကားကုမ္ပဏီလီမိတက် မိသားစုကိုယ်စား အမှတ်(၄၈၀/၄၈၁) ကျိုင်းတုံလမ်း စက်မှုဇုန်(၁) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးတင်မောင်ဦးက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။
(သတင်းစဉ်)

## လက်တွေ့အသုံးချ PHP သင်တန်း KMD Computer Centre တွင် ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ကွန်ပျူတာ Web Development နည်းပညာများကို စိတ်ဝင်စားသူများနှင့် ပြည်တွင်း၊ ပြည်ပတွင် အောင်မြင်သော Web Developer တစ်ယောက်အဖြစ် ဝင်ရောက် လုပ်ကိုင်လိုသူများအတွက် လက်တွေ့အသုံးချနိုင်ရန် Web Development with PHP သင်တန်းကို KMD Computer သင်တန်းကျောင်းမှ Web Development အတွေ့အကြုံရှိ ဆရာ၊ ဆရာမများက သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကွန်ပျူတာနည်းပညာရပ်များကို စိတ်ဝင်စားသော လူငယ် လူရွယ်များ Web Development ကို စနစ်တကျနားလည်တတ်ကျွမ်းစေရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် ပိုင်ပိုင်နိုင်နိုင် အသုံးချတတ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် Internet ပေါ်၌အသုံးပြုနိုင်သော Interactive ဖြစ်သည့် Web Application များရေးသားနိုင်ရန်အတွက် လိုအပ်သော Style များဖန်တီးခြင်း၊ လွယ်ကူမြန်ဆန်စွာ ဖန်တီးအသုံးပြုနိုင်သော Applicationများ အသုံးပြု၍ အချက်အလက်မျိုးစုံဖော်ပြနိုင်အောင် Database နှင့်ချိတ်ဆက်၍ Web Application များ ဖန်တီးနိုင်ပုံတို့ကို သင်တန်းသားတစ်ဦးလျှင် ကွန်ပျူတာတစ်လုံးစီဖြင့် လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါက လေ့လာထားသူအနေဖြင့် ကိုယ်တိုင်Web Application များ ရေးသားနိုင်မည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပတွင် Web Developerအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည် ဖြစ်သည်။

အဆိုပါသင်တန်းကို ကွန်ပျူတာအခြေခံရှိသူ မည်သူမဆို တက်ရောက်နိုင်ပြီး စိတ်ပါဝင်စားသူများ KMD Computer သင်တန်းကျောင်းများဖြစ်သော အမှတ်(၁၇၄-၁၈၂) ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၀၃၅၊ ၃၈၁၇၇၆၊ ၃၉၁၂၈၆၊ ၃၈၁၁၂၉နှင့် အမှတ် (၃၃၁) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၇၄၃၆၊ ၅၃၄၁၇၀ နှင့် ၅၀၂၂၃၃တို့သို့ ဆက်သွယ်၍ အသေးစိတ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးရုံးမှ ညွှန်ကြားရေးမှူး Mr. Zhan Jianwen ခေါင်းဆောင်သော သတင်းမီဒီယာအဖွဲ့ဝင်များနှင့် ယူနန်ပြည်နယ် ရုပ်မြင်သံကြားရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Ms. Ning Li ခေါင်းဆောင်သောအဖွဲ့ဝင်များ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံသတင်းပြန်ကြားရေးနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။
(သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးရုံးမှ ညွှန်ကြားရေးမှူး ခေါင်းဆောင်သော သတင်းမီဒီယာအဖွဲ့ဝင်များနှင့် ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာနမှ ဒုတိယညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့ဝင်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၃

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးရုံးမှ ညွှန်ကြားရေးမှူး Mr. Zhan Jianwen ခေါင်းဆောင်သော သတင်းမီဒီယာအဖွဲ့ဝင်များနှင့် ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာနမှ ဒုတိယညွှန်ကြားရေးမှူး Ms. Ning Li ခေါင်းဆောင်သော အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။**

ထို့နောက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

အဆိုပါ ယူနန်ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပေလီကမ်းခြေသို့ သွားရောက်ကြကာ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းအထိ ပေလီကမ်းခြေ၌ ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ညနေပိုင်းတွင် လှိုင်သာယာစက်မှုဇုန်သို့သွားရောက်ကြည့်ရှုလေ့လာကြကာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၌ တာဝန်ရှိသူများ၊ ပြည်တွင်းမီဒီယာအဖွဲ့များနှင့် သွားရောက်တွေ့ဆုံသည်။

ဆက်လက်၍ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြပြီး မွန်းလွဲ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်နှင့် ရုံးအဖွဲ့မှူး ဦးမြင့်ထွေးတို့အား လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံသတင်းပြန်ကြားရေးနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့နောက် အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံခဲ့သည်။
(သတင်းစဉ်)

## SAMSUNG ၏ BYE BYE 2010 PROMOTION တွင် ဝယ်ယူအားပေးကြသော Customer များဖြင့် စည်ကားလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

AA Electronics Ltd. က တင်သွင်းဖြန့်ချိသော Samsung, Star, Fuji Electronics ပစ္စည်းများကို ဝယ်ယူအားပေးကြသော Customer များအတွက် နှစ်တစ်နှစ်၏ နောက်ဆုံးလတွင် ဈေးနှုန်းသက်သက်သာသာဖြင့် ဝယ်ယူသုံးစွဲနိုင်ရန်အတွက် Bye Bye 2010 Promotion ကို ဒီဇင်ဘာ ၁၅ ရက်မှ ၃၁ ရက်အထိ up to 50 % off ဖြင့် ဈေးလျှော့ ရောင်းချပေးလျက်ရှိရာ မိတ်ဟောင်း၊ မိတ်သစ်များ လာရောက်ဝယ်ယူအားပေးကြသည်။

ယခုဈေးရောင်းပွဲတော်တွင် ဝယ်ယူအားပေးကြသော Customer များကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ဝယ်ယူသည့်ငွေပမာဏပေါ်မူတည်ပြီး ငွေကျပ် ၃၀၀၀မှ ၃၀၀၀၀၀ အထိ ငွေသားပြန်အမ်းပေးခြင်း၊ လက်ဆောင်ပစ္စည်းများပေးခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

Samsung ၏ နောက်ဆုံးပေါ် နည်းပညာများဖြင့် ထုတ်လုပ်ထားသော 3D TV ကို AA Electronics Ltd. က မြန်မာပြည်ဈေးကွက်သို့ ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် ပထမဦးဆုံး စတင်တင်သွင်းရောင်းချပေးခဲ့ရာ Customer များ အထူးစိတ်ဝင်စားကြောင်း၊ 46" Full HD 3D LED TV ဝယ်ယူသော Customer များအတွက် 3D Blu-Ray Player, 3D Blu-Ray Disc, 3D Glass တို့ကိုလည်း ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

up to 50 % off ဆိုသည်မှာ ပစ္စည်းအချို့ကို 50%, 40%, 30%, 20%, 10% ဈေးလျှော့ပေးထားကြောင်းနှင့် Model အသစ်၊ Model အမြင့်များကို ဈေးနှုန်းသက်သက်သာသာဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

ထို့ပြင် Samsung LED, LCD, Plasma, Slim TV, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ လေအေးပေးစက်များကိုလည်း ယခင်ဈေးများထက် အထူးသက်သက်သာသာ ရောင်းပေးလျက်ရှိရာ ဝယ်ယူအားပေးလိုသူများ အနေဖြင့် SAMSUNG SHOWROOM များနှင့် အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် ဝယ်ယူအားပေးနိုင်ကြောင်း သိရှိရသည်။
(သတင်းစဉ်)




SAMSUNG ၏ BYE BYE 2010 PROMOTIONတွင် ဝယ်ယူအားပေးကြသူများနှင့် စည်ကားလျက်ရှိစဉ်။
(သတင်းစဉ်)

# ဝန်ကြီး ဦးလွန်းသီအား ကိုရီးယားသမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ၏ ကုန်သွယ်ရေးနှင့် စွမ်းအင်ရေးရာ ဒုတိယဝန်ကြီး Mr. Park Young- June ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ၏ ကုန်သွယ်ရေးနှင့် စွမ်းအင်ရေးရာ ဒုတိယဝန်ကြီး Mr. Park Young-June ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဒီဇင်ဘာ ၂၃**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဘုန်းနိုင်အား ယင်းဦးစီးဌာန ယွန်းပညာကောလိပ်(ပုဂံမြို့) ကျောင်းအုပ်ကြီးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အခြေခံကျန်းမာရေးတက္ကသိုလ် ပထမအကြိမ် မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

အခြေခံ ကျန်းမာရေးတက္ကသိုလ် (မကွေး)1st to 7th Batch ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် တက္ကသိုလ်မြဧရာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးအောင်ဇော်ထက် ဖုန်း-၀၉-၈၆၄၆၁၀၈၊ ဦးစိုးလင်းထွန်း ဖုန်း-၀၁-၆၂၉၀၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၅၆၀၀၈၃၊ ၀၉-၈၆၃၅၄၅၈၊ ၀၄၆-၆၀၁၂၅၊ ၀၉-၅၃၄၁၂၈၀၊ ၀၉-၅၁၉၅၁၉၆ နှင့် ၀၉-၅၄၁၂၁၈၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## လက်ပံတန်းအသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

လက်ပံတန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၃၉)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ တိစန္ဒဝိဟာရ စင်ကာပူကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ရန်ကုန်မြို့ရောက် လက်ပံတန်းမြို့နယ်သူ၊ မြို့နယ်သားမိသားစုများသည် အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများအနေဖြင့် ဦးစိုးလှိုင် ဖုန်း-၀၁-၆၆၆၇၈၆၊ ၀၉-၄၉၃၀၇၂၈၀၊ ဦးအောင်သိန်း ဖုန်း-၇၃၀၂၁၄၅၅၊ ဦးကိုမြင့် ဖုန်း-၀၁-၈၅၀၀ ၁၁၉နှင့် ဦးထွန်းလွင် ဖုန်း-၀၁-၆၅၄၀၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

# စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား စွမ်းအင်နှင့် သဘာဝသယံဇာတအရင်းအမြစ်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

**စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား စွမ်းအင်နှင့် သဘာဝသယံဇာတအရင်းအမြစ်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေ ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ၏ ကုန်သွယ်ရေးနှင့်စွမ်းအင်ရေးရာ ဒုတိယဝန်ကြီး H.E. Mr.Park Young - June ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။**

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ၏ ကုန်သွယ်ရေးနှင့် စွမ်းအင်ရေးရာ ဒုတိယဝန်ကြီး H.E. Mr. Park Young - June ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား စွမ်းအင်နှင့် သဘာဝသယံဇာတ အရင်းအမြစ်များ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး အစည်းအဝေးတွင် တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)



ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေနှင့် ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy ၏ ကုန်သွယ်ရေးနှင့် စွမ်းအင်ရေးရာ ဒုတိယဝန်ကြီး H.E.Mr. Park Young - June တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ တာဝန်ရှိသူများသည် လုပ်ကွက် A-1 နှင့် A-3 တို့တွင် သဘာဝဓာတ်ငွေ့မြေ ဖွံ့ဖြိုးရေးစီမံကိန်း၌ ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ထမ်းများအား လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းပေးရေးနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများတွင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ပိုမိုပါဝင်ရေး၊ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတအရင်းအမြစ်များ ရှာဖွေတူးဖော်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သတ္တုတူးဖော်ရေးကဏ္ဍ၌ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ္တုပြန်လည်သန့်စင်ခြင်းတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ၌ ဓာတ်အားလိုင်း သွယ်တန်းဖြန့်ဖြူးခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေနှင့် ကိုရီးယားသမ္မတနိုင်ငံ Ministryof Knowledge Economy ၏ ကုန်သွယ်ရေးနှင့် စွမ်းအင်ရေးရာ ဒုတိယဝန်ကြီး H.E. Mr. Park Young-June တို့က ကျေးဇူးတင်စကားပြောကြားကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၁၂-၂၀၁၀ (သောကြာနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "သရဏဂုံအစွမ်းအံ့မခန်း" တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
၆း၃၅ ထင်ရှားဖူးမြော်ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၄)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၁)**
၈း၄၅ Fashion Music Festival (Part-11)
၉း၁၅ မြို့ရွှေဘို၏အစဉ်အလာကောင်းသော အပြုံးပြိုင်ပွဲ
၉း၄၀ Movie Talk [ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်ချစ်မြစိန် (ရွှေညာမောင်ရုပ်ရှင်)] (အပိုင်း-၆)
၁၀း၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၁၅ Activities In The City -၂၀၁၀ ကမ္ဘာ့ AIDS ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စကားဝိုင်းနှင့်ဖျော်ဖြေပွဲ
၁၀း၃၅ ဖက်ရှင်လမ်းညွှန် (Wedding World)
၁၀း၄၅ ထာဝရဆရာများနှင့် တစ်သက်တာ တပည့်များ၏ အမှတ်တရနေ့
၁၁း၀၅ သူတို့ပြောတဲ့သူတို့အကြောင်း (ဟာသသရုပ်ဆောင် ငြိမ်းချမ်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ သမိုင်းကြောင်းရှိသူများ၏နေရာ
၁၂း၁၅ စာအုပ်စာပေလူ့မိတ်ဆွေ (စာရေးဆရာမ ဒေါက်တာဒဂုန်ခင်သဇင်နှင့်တွေ့ဆုံခြင်း)
၁၂း၃၅ ရန်ကုန်မြင်ကွင်းကျယ် (Mr & Ms Smart Contest 2010)
၁၂း၅၀ ကျစ်လျစ်ခံ့ညားစေမှာ Slim Men Center
၁း၀၀ "သရဏဂုံအစွမ်းအံ့မခန်း" တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Style ရှိမှ Star ဖြစ်မယ်
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၄)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၁)**
၄း၅၀ ပီတိတွေလွှမ်း. . . မင်္ဂလာညချမ်း
၅း၁၀ The Champion of Dance
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ ရန်ကုန်မြင်ကွင်းကျယ် (ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနား)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၅)**
၇း၁၅ Fashion Music Festival (Part-12)
၇း၄၅ Champion Construction Matcrials Mall (နေပြည်တော်)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Wedding Season (Part-9)
၈း၅၀ ပြီးပြည့်စုံသောအလှတရားအတွက် Angel Fitness Centre
၉း၀၅ အနုပညာမိုးကောင်းကင်
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၂)**
၁၀း၁၅ 2011 နည်းပညာသစ်များနှင့် Hair Style & Calonna Hair Product မိတ်ဆက်ပွဲ
၁၀း၃၅ VJ Choice
၁၁း၀၀ ဆန်းသစ်တီထွင် COAT ဖက်ရှင် (အပိုင်း-၂)
၁၁း၂၅ လှပသစ်ဆန်းအလှပြင်ခန်း (i Hair & Beauty Spa)
၁၁း၄၅ ခရီးတစ်ထောက်နားခိုစရာ
၁၁း၅၅ Movie Mistakes (Casino Royal)
၁၂း၀၅ နေသားတကျအရေပြားအလှ "ဝက်ခြံနဲ့အရေးအကြောင်း ကင်းတဲ့ ချစ်စရာမျက်နှာ"
၁၂း၁၅ ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်
၁၂း၂၅ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ)(အပိုင်း-၂)
၁၂း၅၀ အလျော်အစား (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၁း၀၅ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့အလည်တစ်ခေါက်
၁း၃၀ စွမ်းရည်မြင့်မား လယ်ယာ(၁၆) လက်တွန်းထွန်စက်တာယာများ
၁း၅၅ World of Knowledge (Second From Disaster: TITANIC)
၂း၄၅ မြန်မာရဲ့အလှအမှတ်တရ (ဇမ္ဗူရစ်အမှတ်တရပစ္စည်းဆိုင်)
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ စိတ်ချယုံကြည် Global Wave Technology
၄း၁၅ ဘယ်သူ့ကိုအချစ်ဆုံးလဲ (တေဇ၊ ခိုင်ပွင့်၊ မင်းသူ၊ ထွန်းထွန်းအောင်၊ ချမ်းသာ) [ဒါရိုက်တာ-သုတ(မော်ကွန်း)]
၄း၃၀ သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
၄း၃၅ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၄း၄၅ ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်
၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**
**တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



ဆေးပစ္စည်းများ ပျောက်ဆုံးမှုဖြင့် ရာထူးမှ နုတ်ပယ်ခံခဲ့ရသော အာဖဂန်စစ်ဘက် ဆေးတပ်မှူး ဗိုလ်ချုပ်အာမက်ဒ်ဇီယာ ယက်ဖ်တာလီ။

# အာဖဂန်စစ်ဘက်အတွက် အမေရိကန်ကထောက်ပံ့သော ဆေးပစ္စည်းများ ပျောက်ဆုံး

ကဘူး ဒီဇင်ဘာ ၂၃

**အာဖဂန်စစ်ဘက်နှင့် ရဲတပ်ဖွဲ့၏ကျန်းမာရေးကဏ္ဍများအတွက် အမေရိကန်နိုင်ငံကထောက်ပံ့ခဲ့သော ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများသည် အာဖဂန်စစ်ဆေးရုံများနှင့် ဆေးခန်းများသို့ ရောက်ရှိခဲ့ခြင်းမရှိဘဲ ကြားတွင်ပျောက်ဆုံးခဲ့ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။**

ခြစားမှုအဖြစ်ယူဆရသည့် ယင်းပြဿနာကို စုံစမ်းစစ်ဆေးရန်အတွက် အာဖဂန်စစ်ဘက်၏ ထိပ်တန်းဆေးဘက်ဆိုင်ရာတာဝန်ရှိသူကို ရာထူးနေရာမှ နုတ်ပယ်ခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး အဗ္ဗဒူလ်ရာဟင်း ဝါဒက်ခ်က ပြောကြားသည်။

ဆေးတပ်မှူး ဗိုလ်ချုပ်အာမက်ဒ်ဇီယာ ယက်ဖ်တာလီအပါအဝင် ကဘူးမြို့ရှိ ဒါးဝုဒ်အမျိုးသားစစ်ဆေးရုံမှ တာဝန်ရှိသူသုံးဦးကို စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရာထူးမှနုတ်ပယ်ခဲ့ကြောင်း ရာဟင်းဝါဒက်ခ်က ဆိုသည်။

ယခုနှစ်အတွင်း အမေရိကန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၂သန်း တန်ဖိုးရှိ ဆေးပစ္စည်းများကို အာဖဂန်နစ္စတန်သို့ ထောက်ပံ့ခဲ့ရာ ယင်းတို့အနက်မည်ရွေ့မည်မျှပျောက်ဆုံးခဲ့ပြီး အကျိုးဆက်အဖြစ် အာဖဂန်တပ်ဖွဲ့ဝင်များ ဆေးဝါးမလုံလောက်မှုကြောင့် သေဆုံးခဲ့ခြင်းရှိ၊ မရှိကိုကွဲပြားစွာ မသိရသေးပေ။ **အေပီ။**

# လက်နက်ထိန်းချုပ်ရေးစာချုပ်သစ် အတည်ပြုရေး ရုရှားဒူးမားလွှတ်တော် မကြာမီသဘောတူဖွယ်ရှိ



မော်စကို ဒီဇင်ဘာ ၂၃

**လက်နက်ထိန်းချုပ်ရေးစာချုပ်သစ်ကို အတည်ပြုရေးနှင့်ပတ်သက်၍ အမေရိကန်အောက်လွှတ်တော်၏ ထောက်ခံမှုသည် စာချုပ်၏အနှစ်သာရကို ပြောင်းလဲစေခြင်းမရှိခဲ့ပါက ရုရှားနိုင်ငံက အဆိုပါစာချုပ်သစ်ကို ဒီဇင်ဘာ ၂၄ရက်ထက်နောက်မကျစေဘဲ သဘောတူအတည်ပြုမည်ဖြစ်ကြောင်း ရုရှားလွှတ်တော်အမတ်များက ယနေ့ပြောကြားသည်။**

ရုရှားနိုင်ငံက လက်နက်ထိန်းချုပ်ရေးစာချုပ်သစ်(စတာ့စ်)ကို အလျင်အမြန်အတည်ပြုခြင်းသည် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံအကြား ဆက်ဆံရေးကို အပြုသဘောဖြင့် ပြန်လည်စတင်ခြင်းအား အထောက်အကူပြုမည်ဖြစ်သည်။

ယင်းအပြင် စစ်အေးကာလပြိုင်ဘက်နိုင်ငံ နှစ်နိုင်ငံအကြား နျူကလီးယားလက်နက်များနှင့် ပတ်သက်၍ မသင်္ကာမှုများကိုလည်း ပယ်ဖျောက်နိုင်မည်ဖြစ်သည်။

လက်နက်ထိန်းချုပ်ရေးစာချုပ်သစ်ကို နှစ်နိုင်ငံလွှတ်တော်များက အတည်ပြုရန်သဘောတူညီခဲ့ခြင်းသည် အမေရိကန်သမ္မတဘာရက်အိုဘားမားနှင့် ရုရှားသမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ်တို့၏ အောင်ပွဲတစ်ရပ်လည်းဖြစ်သည်။

ယင်းသမ္မတနှစ်ဦးသည် ယခုနှစ် ဧပြီလအတွင်းက လက်နက်ထိန်းချုပ်ရေးစာချုပ်သစ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အမေရိကန်နှင့် ရုရှားနိုင်ငံတို့အကြား ဆက်ဆံရေးကို မြှင့်တင်နိုင်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန်အောက်လွှတ်တော်က လက်နက်ထိန်းချုပ်ရေးစာချုပ်သစ်ကို အတည်ပြုရန် ဒီဇင်ဘာ၂၂ရက်က သဘောတူညီခဲ့ပြီး ယင်းစာချုပ်အာဏာသက်ဝင်စေရန် ရုရှားဒူးမားလွှတ်တော်၏ အတည်ပြုချက်ကို ရယူရမည်ဖြစ်သည်။ **ရိုက်တာ။**

**ရုရှားနိုင်ငံ တစ်နေရာရှိ တိုပိုလ်-အမ် တိုက်ချင်းပစ် နျူကလီးယား ဒုံးပျံပစ်ကျင်းတစ်ခုကို ရုရှားတာဝန်ရှိသူများက စစ်ဆေးနေစဉ်။**

# ဗြိတိန်မူလတန်းကျောင်းသားများလေ့လာချက် ထိပ်တန်းသိပ္ပံစာစောင်တစ်ခုတွင် ဖော်ပြခံရ

**လန်ဒန် ဒီဇင်ဘာ ၂၃ -** အသက်ရှစ်နှစ်မှ ၁၀ နှစ်အရွယ်ကြား ကျောင်းသားငယ်အဖွဲ့တစ်ဖွဲ့က ပြုစုခဲ့သော Apidae မျိုးရင်းဝင် ပျားမျိုးစိတ်တစ်ခုနှင့် သက်ဆိုင်သော ကျောင်းသင်ခန်းစာလေ့လာချက်တစ်ရပ်ကို ဗြိတိန်သိပ္ပံပညာရပ်ဆိုင်ရာ တော်ဝင်အဖွဲ့အစည်းက ထုတ်ဝေသော ထိပ်တန်းသိပ္ပံစာစောင်တစ်ခုတွင် ဖော်ပြခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အင်္ဂလန်အနောက်တောင်ပိုင်း ဒေဗွန်ခရိုင်ရှိ ဘလက်အော်တန် မူလတန်းကျောင်းမှ ကျောင်းသားများသည် Bumble bee ခေါ် ပျားသတ္တဝါများ၏ အရောင်နှင့်အဆင်အကွက်တို့အား နားလည်ခံစားနိုင်စွမ်းကို စမ်းသပ်မှုအမျိုးမျိုးလုပ်ဆောင်ကာ လေ့လာခဲ့ကြသည်ဟုဆိုသည်။

ကျောင်းသားငယ် ၂၅ ဦးပါဝင်သော အဖွဲ့၏ တွေ့ရှိချက်များကို ဒေသတွင်းမှ သိပ္ပံပညာရှင်တစ်ဦးက အစီအစဉ်ကျနစေရန် စုစည်းပြင်ဆင်ပေးခဲ့ပြီးနောက် ဗြိတိန်တော်ဝင်အသင်းမှ ထုတ်ဝေသော အစဉ်အလာကြီးမားသည့် ဇီဝဗေဒစာစောင်၌ ဖော်ပြခံခဲ့ရသည်။



အင်းဆက်များ၏ အရောင်နှင့် အဆင်အကွက် ခံစားနိုင်မှုနှင့် ပတ်သက်၍ ယခင်က အသိအမြင်နည်းပါးခဲ့သည်ဟု ဆိုနိုင်သော်လည်း ယခုမူလတန်းကျောင်းသားငယ်များ၏ တွေ့ရှိချက်သည် အဆိုပါ လစ်ဟာချက်ကို ဖြည့်ဆည်းနိုင်ရန် အထောက်အကူပြုနိုင်ကြောင်း တော်ဝင်အသင်း၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

အင်းဆက်များ သကြားရည်နှင့် ဆားရည် ခွဲခြားနိုင်မှုကို သိမြင်နိုင်ရန် ကျောင်းသားငယ်များသည် ရောင်စုံခဲတံနှင့် ရေးဆွဲထားသော အဆင်အကွက်များကို အသုံးပြုကာ လေ့လာခဲ့ကြကြောင်း ဘလက်အော်တန် မူလတန်းကျောင်း ကျောင်းအုပ်ဆရာက ပြောကြားသည်။ **အေအက်ဖ်ပီ။**



**၂၀၁၁ ခုနှစ်တွင် စတင်အသုံးပြုဖွယ်ရှိသော တရုတ်နိုင်ငံ၏ ဗားရက်ဂ် လေယာဉ်တင်သင်္ဘော။**

# ၂၀၁၁ ခုနှစ်အတွင်း ပထမဆုံးလေယာဉ်တင်သင်္ဘော တရုတ်နိုင်ငံအသုံးပြုဖွယ်ရှိ

**ပေကျင်း ဒီဇင်ဘာ ၂၃ -** တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၎င်း၏ပထမဆုံး လေယာဉ်တင်သင်္ဘောကို ၂၀၁၁ ခုနှစ်အတွင်းရေချနိုင်ဖွယ်ရှိကြောင်း တရုတ်စစ်ဘက်နှင့် နိုင်ငံရေးဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များက ကြာသပတေးနေ့တွင် ဖော်ပြသည်။

အဆိုပါ လေယာဉ်တင်သင်္ဘောကို တရုတ်နိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်အတွင်း စတင်အသုံးပြုနိုင်မည်ဆိုပါက အမေရိကန် စစ်ရေးအကဲခတ်များ မျှော်လင့်ထားသည့်ကာလထက် တစ်နှစ်မျှ ပိုစောမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် ၎င်း၏ပထမဆုံး လေယာဉ်တင်သင်္ဘောကို ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော စပရက်လီကျွန်းစုအနီးနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း လောင်စာဆီထောက်ပံ့ရေး လမ်းကြောင်းများ၏ လုံခြုံရေးအတွက် အသုံးချဖွယ်ရှိကြောင်း လေ့လာသူများက မျှော်လင့်ထားသည်။

လေ့ကျင့်ရေးနှင့် နည်းပညာစမ်းသပ်မှုတို့ပြုလုပ်နိုင်ရန် လာမည့်နှစ်တွင် ရေချနိုင်ဖွယ်ရှိသော လေယာဉ်တင်သင်္ဘောသည် ဆိုဗီယက်ပြည်ထောင်စုဟောင်း၏ ဗားရက်ဂ်လေယာဉ်တင်သင်္ဘောဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် ကိုယ်ပိုင်လေယာဉ်တင်သင်္ဘောအုပ်စုတည်ဆောက်ရေးကို ဦးတည်သည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း လေ့လာသူများက ဆိုသည်။

ဗားရက်ဂ်လေယာဉ်တင်သင်္ဘောကို တရုတ်နိုင်ငံက ၂၀၁၂ ခုနှစ်တွင် လေ့ကျင့်ရေးအတွက် စတင်အသုံးပြုမည်ဟု အမေရိကန် ရေတပ်ထောက်လှမ်းရေးက ခန့်မှန်းခဲ့သည်။ ယင်းအပြင် ၂၀၁၅ ခုနှစ်နောက်ပိုင်း၌ ပြည်တွင်း၌ပင် တည်ဆောက်သော လေယာဉ်တင်သင်္ဘောတစ်စင်းကို တရုတ်နိုင်ငံအနေဖြင့် အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်ရေတပ် ထောက်လှမ်းရေးက ခန့်မှန်းသည်။

ဗားရက်ဂ်လေယာဉ်တင်သင်္ဘောကို တရုတ်ကွန်မြူနစ်ပါတီ စတင်ဖွဲ့စည်းသည့် အထိမ်းအမှတ်အဖြစ် လာမည့်နှစ် ဇွန်လဝန်းကျင်တွင် ရေချနိုင်ဖွယ်ရှိကြောင်း အမည်မဖော်လိုသူ သတင်းအရင်းအမြစ်က ပြောကြားသည်။ လေယာဉ်တင်သင်္ဘောများဆိုင်ရာ စီမံကိန်းသည် တရုတ်နိုင်ငံ၏ အလျှို့ဝှက်ဆုံး စစ်ရေးစီမံကိန်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ **ရိုက်တာ။**

# ရောမမြို့ရှိ ဆွစ်ဇာလန်နှင့် ချီလီသံရုံးများ၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား

ရောမ ဒီဇင်ဘာ ၂၃

**အီတလီနိုင်ငံ ရောမမြို့ရှိ ဆွစ်ဇာလန်သံရုံးနှင့် ချီလီသံရုံးများတွင် ကြာသပတေးနေ့က ပါဆယ်ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ ပါဆယ်ထုပ်များကို ဖွင့်လှစ်သူနှစ်ဦးဒဏ်ရာရခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။**

အဆိုပါ ဗုံးပေါက်ကွဲမှုများနှင့် ပတ်သက်၍ မည်သူ့လက်ချက်မှန်းမသိရသော်လည်း ရောမမြို့တော် အာဏာပိုင်များက အီတလီပြည်တွင်းရှိ မင်းမဲ့ဝါဒီများ သို့မဟုတ် အစိုးရဆန့်ကျင်သူများ ဖြစ်ဖွယ်ရှိကြောင်း ယူဆထားကြသည်။



ကြာသပတေးနေ့ ညနေ ၃ နာရီခန့်တွင် ချီလီသံရုံးမှ ပေါက်ကွဲသံကြားခဲ့ရပြီး ယင်းဖြစ်စဉ်ကို ရဲတပ်ဖွဲ့သို့ သတင်းပေးခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားသည်။ သတင်းဌာနများ၏ အဆိုအရ ပါဆယ်ထုပ်ကို ဖွင့်လှစ်ခဲ့သော လူတစ်ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။

ချီလီသံရုံးဗုံးပေါက်ကွဲမှု မတိုင်မီ ၃ နာရီခန့်ကလည်း ရောမမြို့တော်အတွင်းရှိဆွစ်ဇာလန်သံရုံး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ယင်းဗုံးပေါက်ကွဲမှု၌လည်း ပါဆယ်ထုပ်ဖွင့်သူတစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

ဆွစ်ဇာလန်သံရုံးဗုံးပေါက်ကွဲမှုသည် အီတလီပြည်တွင်းထက် နိုင်ငံတကာကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း ဖြစ်ဖွယ်ရှိကြောင်း ရောမမြို့တော်ဝန် ဂီယန်နီအေလီမန်ဒိုက ပြောကြားသည်။ **အေပီ။**

**အီတလီနိုင်ငံ ရောမမြို့လယ်ရှိ ဆွစ်ဇာလန်သံရုံး၌ ပါဆယ်ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် သံရုံးဝင်ပေါက်၌ စောင့်ကြပ်နေသော ရဲတပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၂၃ ရက်က တွေ့ရစဉ်။**



(24-12)04.pmd 1 12/24/2010, 3:02 AM

# ဝန်ကြီး ဦးလှထွန်းအား China Eximbank ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Eximbank ဒုတိယဥက္ကဋ္ဌ Mr. Su Zhong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။**(ယာပုံ)**

(သတင်းစဉ်)





# မိုးစပါးအထွက်နှုန်းမှန်ကန်ရေး မြဝတီ၌ စံကွက်ရိတ်သိမ်း

**မြဝတီ ဒီဇင်ဘာ ၂၃**

မြဝတီခရိုင် မြဝတီမြို့နယ် ဝေ့ရှမ်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၈၄) ဦးပိုင်အမှတ်(၈၆/၂) တောင်သူ ဦးနွဲ့အိတ်၏ လယ်မြေ၌ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် မြို့နယ်စိုက်ပျိုး တိုးတက်မှု ညှိနှိုင်းရေးအဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးထွန်းဝေနှင့် မြေစာရင်းဝန်ထမ်းများက စံကွက်ရိတ်သိမ်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်ကံနှင့် ခရိုင်စိုက်ပျိုးတိုးတက်မှု ညှိနှိုင်းရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေးကြည့်ရှုကြသည်။**(ဝဲပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းသည့်လယ်တွင် ဆင်းသွယ်လတ်စပါး ခြောက်ဧက စိုက်ပျိုးထားရှိရာ တစ်ဧက ပျမ်းမျှ ၈၀ ဒသမ ၄၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၄-၁၂-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၃၀ | ၂။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၃။ | အဂ္ဂိဇယမင်္ဂလံ(ယဉ်ဝေယံထွန်း-တေးရေးဂီတစာဆိုမျိုးနွယ်ဆွေ) |
| ၇း၅၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၅။ | "သက်ရှည်ကျန်းမာ လေ့ကျင့်ပါ" |
| ၈း၁၀ | ၆။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၈း၂၀ | ၇။ | အကပြိုင်ပွဲ |
| ၈း၃၀ | ၈။ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | "စီးဆင်းပါစေမေတ္တာရည်" |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၄း၂၀ | ၃။ | အတီးပြိုင်ပွဲ |
| ၄း၃၀ | ၄။ | နှောင်းခေတ်တေးပဒေသာ |
| ၄း၄၅ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ) |
| ၅း၀၀ | ၆။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၅ | ၇။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၂၀ | ၈။ | တေးဂီတအစီအစဉ် |
| ၅း၃၀ | ၉။ | **"ရိုးသားဖြူစင် ကလေးတို့အသွင်"** |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | ရသစုံလင်အင်တာနက်ဥယျာဉ် |
| ၇း၀၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့. . . ရင်ခုန်သံ" (အပိုင်း-၂၁)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | "လျှပ်တစ်ပြက်ဟာသများ" |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၁၃)** |
| | ၁၉။ | သီချင်းချစ်သူ(ဆွိတီ) |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

**သန်လျင်မြို့ မြို့ဟောင်း အလက မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၀ ရက်က ကျင်းပရာ သူငယ်တန်းတွင် ပထမဆုရရှိသူ မစိမ်းလဲ့လဲ့မိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ပို့ ဂုဏ်ပြုဆု ချီးမြှင့်စဉ်။**

(ဒ၂၇)





# အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ကရင်ပြည်နယ် ဒေသကောလိပ်နှင့် ဘားအံကောလိပ်တို့တွင် ၁၉၈၇ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက ကရင်ပြည်နယ် ဒေသကောလိပ်နှင့် ဘားအံကောလိပ် ၁၉၈၇ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ကိုအောင်တင်ထူး ဖုန်း-၀၉-၅၅၀၇၀၆၊ ကိုခင်ရှိန် ဖုန်း-၀၉-၅၆၆၂၁၀၉၊ ကိုသိန်းနိုင် ဖုန်း-၀၉-၈၇၃၀၂၁၀၊ ကိုသန်းနိုင် ဖုန်း-၀၉-၈၇၃၀၂၆၇၊ ကိုမြင့်ဝေ ဖုန်း-၀၅၈-၄၀၆၇၈၊ ကိုနေဆန်း ဖုန်း-၀၅၈-၄၀၂၆၃၊ ကိုထွန်းလွင် ဖုန်း-၀၅၈-၄၀၃၇၉၊ ကိုစိုးသိန်း ဖုန်း-၀၅၈-၄၀၆၂၁၊ ကိုတင်ထွန်း ဖုန်း-၀၉-၅၆၇၀၂၇၅၊ ကိုသန့်ဇင်လှ-မကေသီလွင် ဖုန်း-၀၅၈-၅၀၆၄၂၊ နော်သဇင်ကျော် ဖုန်း-၀၉-၅၁၇၆၃၆၀ နှင့် ကိုတိုးကျော် ဖုန်း-၀၁-၅၄၂၆၉၅၊ ၀၉-၂၀၃၃၇၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း (မကွေးတိုင်းဒေသကြီး အသင်းခွဲ)ဆွေးနွေးပွဲ ကျင်းပမည်

**မကွေး ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း(မကွေးတိုင်းဒေသကြီး အသင်းခွဲ)၏ သင်းလုံးကျွတ် တွေ့ဆုံပွဲနှင့် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို မကွေးမြို့ မကွေးဟိုတယ်၌ ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ မကွေးတိုင်းဒေသကြီး အတွင်းရှိ သွားနှင့်ခံတွင်း ဆရာဝန်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် အသင်းအမှုဆောင်များက တိုက်တွန်းနှိုးဆော်ထားသည်။

အသေးစိတ် သိလိုပါက ဒေါက်တာထွန်းဇော် (ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး သွားနှင့် ခံတွင်းဆရာဝန်အသင်း) ဖုန်း ၀၉-၅၃၄၀၆၉၃ နှင့် ဒေါက်တာအောင်ခိုင်မော် (အထွေထွေအတွင်းရေးမှူး) ဖုန်း-၀၉-၅၃၄၁၄၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ပန်းတနော်မြို့နယ်ရှိ မြစ်ကမ်းပါးအား ဗလကျော်သူရေယာဉ်ဦးဖြင့် ဝင်တိုက်မိသဖြင့် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဦးဝင်းမြင့် မောင်းနှင်သည့် မြောင်းမြ-ရန်ကုန်ပြေးဆွဲသော ဗလကျော်သူရေယာဉ်သည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၃ နာရီ မိနစ် ၅၀ ခန့်တွင် ပန်းတနော်မြို့နယ် ကသဝင်ကျေးရွာအုပ်စု ရွှေဖလားကျွန်းကျေးရွာအနီးရှိ မြစ်ကမ်းပါးအား ရေယာဉ်ဦးဖြင့် ဝင်တိုက်မိခဲ့သဖြင့် ရေယာဉ်ဦးပိုင်းတွင် စီးနင်းလာသူ ဝါးခယ်မမြို့နေ ဦးကျော်သန်း (၄၂)နှစ်သည် မြေပြိုပိကျကာ သေဆုံးခဲ့ပြီး ဝါးခယ်မမြို့နေ မသင်းသင်းမော်မှာ ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြောင်း၊ ရေယာဉ်၏ဦးပိုင်း ပိန်ချိုင့်ခဲ့ပြီး ဆက်လက်ထွက်ခွာရာ နံနက် ၈ နာရီ ကျော်ခန့်တွင် မအူပင်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း၊ ရေယာဉ်မောင်းအား ပန်းတနော်ရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အထက(၂)စမ်းချောင်း ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

အထက(၂)စမ်းချောင်း၏ (၁၂)ကြိမ်မြောက် အသက် (၆၀)ပြည့် ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း စံပယ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကျောင်းရုံးခန်း ဖုန်း-၅၃၅၄၉၇၊ ဒေါ်ကြူကြူဌေး ဖုန်း-၀၉-၅၀၈၀၃၇၉၊ ဒေါ်ခင်သိန်းဝင်း ဖုန်း-၀၉-၅၁၅၈၂၄၃၊ ဒေါ်ရင်ရင်ဝင့် (စန္ဒာ) ဖုန်း-၀၉-၈၀၃၁၂၈၉၊ ဒေါ်ဥမ္မာထွန်းရွှေ ဖုန်း-၅၂၇၇၃၉၊ ဒေါ်မြင့်မြင့်သီ (Ilene) ဖုန်း-၅၀၀၄၁၀၊ ၇၃၀၄၆၀၃၄၊ ဒေါ်ခင်မာလေး (Cynthia) ဖုန်း-၆၄၂၈၃၅၊ ၀၉-၅၀၅၁၉၆၅၊ ဒေါ်ခင်လေးမွန် (Dolly Aye) ဖုန်း-၀၉-၈၀၂၃၅၆၉၊ ဒေါ်နွယ်နီရင် ဖုန်း- ၅၁၉၄၇၆၊ ဒေါ်တင်တင်မာ (Kakoo) ဖုန်း-၆၈၇၃၄၀၊ ၀၉-၅၀၆၉၂၇၆နှင့် ဒေါ်ဥမ္မာဝင်း ဖုန်း-၀၉-၅၀၂၃၃၃၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# သစ်မြဲသစ်လျက် အောင်ပွဲဆက်စေ

❀ လှိုင်းလေကြမ်းလည်း
ရဲစွမ်းထန်ပြင်း၊ လုံ့လတင်းကာ
ဖြိုခွင်းကျော်လွှား၊ ညီညွတ်အားဖြင့်
စွန့်စားချီတက်၊ ခရီးဆက်မြဲ. .။

❀ မုန်တိုင်းထန်လည်း
ဇွဲမာန်လုံ့လ၊ သတ္တိပြလျက်
စွမ်းစကိုရင်း၊ တွန့်ဆုတ်ကင်းစွာ
စီးချင်းထိုးလျက်၊ ရှေ့တိုးဆက်မြဲ. .။

❀ မိုးလုံးပြိုလည်း
ပြိုသည့်မိုးရိုင်း၊ တံ့ဆိုင်းမမှု
အန်တုရင်ဆိုင်၊ ကြံ့ကြံ့ခိုင်စွာ
အနိုင်ယူလျက်၊ အောင်ပွဲဆက်မြဲ. .။

❀ မုန်တိုင်းမိုးကြိုး၊ စီးချင်းထိုးရင်း
မိုးလေလှိုင်းကြမ်း၊ အားပြိုင်စမ်းရင်း
ဖြတ်သန်းကျော်လွှား၊ ရေတပ်သားတို့
စွမ်းအားမာန်ဝင့်၊ ဂုဏ်ရှိန်တင့်ခဲ့
အသင့်မြဲပေ၊ ပင်လယ်ဗွေဝယ်
ဒို့ရေပိုင်နက်၊ ကာကွယ်လျက်တည့်
စက္ကန့်မိနစ်၊ မလပ်လစ်ချေ
ချစ်သောအဏ္ဏဝါ၊ အလှဖြာအောင်
တာဝန်ကျေမြဲ ကျေလျက်တကား. .။

❀ ဩော်. .
အမိတပ်မတော်(ရေ). .
ရာသီတွေပြောင်း၊ နှစ်ရှည်ညောင်း၍
ဟောင်းရွက်ကျင်တွေ၊ ကြွေခဲ့ပေလည်း
ဝေမြဲရွက်သစ်၊ နုပျိုမျစ်ကာ
အင်သစ်အားသစ်၊ စွမ်းရည်သစ်နှင့်
လူသစ်စိတ်သစ်၊ ဇွဲမာန်သစ်နှင့်
လမ်းသစ်စခန်းသစ်၊ အောင်ပွဲသစ်နှင့်
နှစ်ပေါင်းရာထောင်၊ မကအောင်လျှင်
ဂုဏ်ရောင်ရှန်းသစ်၊ ကဏ္ဍသစ်လျက်
ဖွင့်လှစ်ဖော်ညွှန်း၊ တစ်ခေတ်ထွန်းအောင်
မော်ကွန်းရေးထိုး နိုင်စေသော်။
ရွက်သစ်ဆင့်ဆင့် ဝင့်လျက်မော်။
အလေးပြုပါ၏ ရေတပ်မတော်။ ။

**ဇော်မင်းမင်းဦး**



**မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်းပြုပြင်ခြင်းလုပ်ငန်းဖြစ်သည့် နောင်ပုံ-နန်းကွေ့ ကျောက်ချောလမ်း ပြုပြင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃ ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင် ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တာဝန်ခံအင်ဂျင်နီယာ (အင်ဂျင် နီယာမှူး) ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## စာအုပ်စာပေ လူ့မိတ်ဆွေ

# အလယ်လွှာ မျိုးချစ်များ

သိပ္ပံမှူးတင်

လက်ဝဲစာပေများဖတ်၍ ကြီးပြင်းလာသူကျွန်တော်မှာ ဂျပန်ပြည်တွင် စစ်ပညာသင်ကြားနေခိုက် လက်ယာစာပေ အနည်းအကျဉ်း ဖတ်ရှုခွင့်ရခဲ့ပါသည်။ ထို့ကြောင့် မြန်မာပြည် ပြန်ရောက်သောအခါ အစွန်းရောက်ဝါဒ မရှိတော့ပါ။

အိန္ဒိယပြည်တွင် စစ်အင်ဂျင်နီယာသင်တန်း စုစုပေါင်း ငါးနှစ်ခန့် တက်ခဲ့စဉ်တွင် အိန္ဒိယသမိုင်း၌ ဟိန္ဒူနှင့်မွတ်စလင်တို့ အပြိုင်ကြီးစိုးခဲ့ကြသည်ကို လေ့လာရပါသည်။ ထို့ပြင် အိန္ဒိယရှိ တစ်ခုသောဘာသာအယူဝါဒမှာ မွတ်စလင်နှင့်ဟိန္ဒူ နှစ်ဘာသာမှ ကောင်းရာထုတ်နုတ်ကိုးကွယ်သော ဘာသာဖြစ်သည်ဟုလည်း မှတ်သားခဲ့ရဖူးပါသည်။

၁၉၇၃ ခုနှစ်တွင် ချော်တွင်းကုန်း၌ နိုင်ငံရေးသင်တန်း တက်ခွင့်ရခဲ့ပါသည်။ စာရေးဆရာအနေဖြင့် ကျွန်တော့်ကို တရားဟောခွင့်ပေးခဲ့၍ ဟောခဲ့ရပါသည်။ ဟောအပြီး နည်းပြဆရာများ ကျွန်တော်နေသည့်တန်းလျားကို လိုက်လာပြီး ဆွေးနွေးကြပါသည်။ ထိုစဉ်တွင် ကျွန်တော်က အရင်းရှင်၊ ကွန်မြူနစ်ဝါဒများ ပျောက်ကွယ်သွားမည်မဟုတ်။ လက်ဝဲ၏ ကောင်းကွက်၊ လက်ယာ၏ ကောင်းကွက်များကို ထုတ်နုတ်၍ ဝဲယာစပ်ဝါဒ ထွန်းကားသော အစိုးရများပေါ်လာနိုင်သည်ဟု ကြိုတင်ဟောကိန်း ထုတ်ခဲ့ဖူးပါသည်။

**၁၉၈၀ ပြည့်နှစ်တွင် တိန့်ရှောက်ပင်၏ ဝဲယာစပ်ဝါဒနှင့် တရုတ်ပြည်ကို အုပ်ချုပ်လိုက်သောအခါ တရုတ်ပြည်၏စီးပွားရေးမှာ တစ်ဟုန်ထိုးတိုးတက်လာပြီး ကမ္ဘာ့ပထမတန်းအဆင့်သို့ပင် ချိန်ရွယ်နိုင်သည့်အဆင့် ရောက်လာသည်။ လက်ဝဲ၏ အုပ်ချုပ်ထိန်းကွပ်မှုအချို့ယူထားပြီး လက်ယာဝါဒအရ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကား ထုတ်လုပ်ခွင့်ပြုလိုက်သောအခါ အထူးသဖြင့် ကြွယ်ဝချမ်းသာသော အလယ်လွှာလူတန်းစားတစ်ရပ် ပေါ်ပေါက်ထင်ရှားလာခဲ့သည်။**

**ထိုသူများသည် တစ်ကိုယ်ရေလူ့အခွင့်အရေးထက် အများကောင်းစားရေးအခွင့်အရေးကို နှစ်သက်သည်။ ချုပ်ထိန်းသင့်သည်ကို ချုပ်ထိန်းထား၍ လွှတ်ပေးသင့်သည်ကို လွှတ်ပေးသည်ကို သဘောတူလက်ခံကြပြီး ပြည်ပမှသွင်းလာသော နိုင်ငံရေးဝါဒထက် မိမိလူမျိုးကောင်းစားရေး မျိုးချစ်စိတ်အစီအမံများကို လက်ခံကာ ယနေ့ ကြီးပွားနေကြပေသည်။**

၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်အင်ပါယာကြီး ပြိုကွဲပြီးနောက် ရုရှားတို့သည် ကွန်မြူနစ်ဝါဒမှ အရင်းရှင်ဝါဒ ဒီမိုကရေစီ ကျင့်သုံးသည့်အစိုးရအဖြစ် ခံယူလိုက်သည်။ ယခင်က မိမိနှင့် မိမိမဟာမိတ်များကိုကာကွယ်ရန် အဏုမြူလက်နက်သုံးမည် ဆိုခဲ့ရာမှ ဒီမိုကရေစီသမားများအကြိုက် မိမိကစ၍ အဏုမြူလက်နက်မသုံးပါဟု ဦးစွာပြင်ဆင်လျှော့ပေါ့လာခဲ့သည်။ သို့သော် ဒီမိုကရေစီထွန်းကားရန် လိုအပ်သော အခြေခံအဆောက်အအုံများ၊ ခံယူချက်များမရှိဘဲ ရုတ်တရက် ပြောင်းလဲကျင့်သုံးလိုက်သောအခါ တိုင်းပြည်မှာ တဖြည်းဖြည်းဆုတ်ယုတ်ပြီး စီးပွားရေးများ ကျဆင်းလာခဲ့သည်။

**ထိုအခါ မိမိတို့ ဒီမိုကရေစီ ပြောင်းလဲကျင့်သုံးမှုကြောင့် အရာရာကျဆင်းနေခြင်းဖြစ်ရာ ၎င်းကိုထောက်ရှု၍ အခြားဒီမိုကရေစီနိုင်ငံများမှ ကိုယ်ချင်းစာနာမှုဖြင့် ဒီမိုကရေစီမဟာမိတ်အဖြစ် ဝိုင်းဝန်းကူညီထောက်ပံ့ကြမည်ဟု မျှော်လင့်ထားကြသည်။ သို့သော် ထင်တိုင်းကူလာမှုမရှိသည့်အပြင် ယခင်အင်အားကြီးနိုင်ငံကြီးကို တတိယနိုင်ငံသာသာ နှိမ့်ချဆက်ဆံလာကြသည်ကိုပင် တွေ့ကြရသည်။ ဒီမိုကရေစီနိုင်ငံတို့က မသိကြသည်မှာ ယင်းသို့ ရုရှားပြည် နစ်သည်ထက်နစ်စေရန် လျစ်လျူရှုခံရသောအခါ ရုရှားလူမျိုးတို့၏ မျိုးချစ်စိတ်ကို နှိုးဆွပြီးဖြစ်သွားလေသည်။ ယင်းမျိုးချစ်စိတ်ကြောင့်ပင် မဟာမိတ်ဘဝမှ အပြိုင်ဘဝ ပြန်ရောက်စေသည်။**

သမ္မတ ဗလာဒီမာပူတင်တက်လာသောအခါ ဝါဒပြောင်းလဲပစ်လိုက်သည်။ ယခင်က မိမိကစ၍ အဏုမြူလက်နက်မသုံးပါဆိုသည်ကို ဖျက်သိမ်းပြီး မိမိနဲ့ မိမိမဟာမိတ်တို့၏ အန္တရာယ်မှ ကာကွယ်ရန် လိုအပ်ပါက အဏုမြူလက်နက် သုံးတန်သုံးရမည် ဆိုကာ ယခင်ကရပ်ဆိုင်းခဲ့သော တိုက်ချင်းပစ်ဒုံးပျံ စမ်းသပ်မှုများကို မြေပြင်၊ ဝေဟင်၊ ရေပြင်၊ ရေအောက်မှပစ်ပြကာ လက်ရုံးစမ်းပြခဲ့သည်။ တရုတ်တို့၏ ဝဲယာစပ်ဝါဒကဲ့သို့ ချုပ်သင့်သမျှသာချုပ်၍ လွှတ်သင့်သမျှ လွှတ်ပေးလိုက်ရာ ရုရှားတို့၏ စီးပွားရေးလည်း တစ်ဟုန်ထိုးတက်လာကာ ဘီလျံနာသူဌေးအများပင် ပေါ်ပေါက်လာသည်။

သူတို့သည် တစ်ဦးစီလွတ်လပ်ခွင့်၊ တစ်ဦးစီအခွင့်အရေးထက် အများ၏ လွတ်လပ်ခွင့်၊ အများ၏ အခွင့်အရေးကို ရှေ့တန်းတင်ကြသည်။ မိမိလူမျိုးက မိမိတို့ကို အုပ်ချုပ်နေချိန်တွင် တိုင်းပြည်နှင့် လူမျိုးအကျိုးငှာ အစိုးရက ချုပ်ချယ်ထားမှုအချို့ကို လက်သင့်ခံပြီး အစိုးရကလွှတ်ပေးသည့် စီးပွားရေးလုပ်ငန်းများကိုသာ အားကြိုးမာန်တက်ကြိုးစားလိုက်ကြရာ သူတို့လည်း ကြီးပွားလာကြသည်။ ဒီမိုကရေစီသမားတို့၏ ခန့်မှန်းချက်အရ ရုရှားပြည်တွင် ပူတင်လုပ်သမျှကို ကျေနပ်နှစ်သက်လက်သင့်ခံသူများမှာ လူဦးရေ၏ ၇၈ ရာခိုင်နှုန်းပင်ရှိသည်ဆိုသည်။

ဒီမိုကရေစီခေတ်ဦးကာလမှစ၍ ယနေ့တိုင် အလယ်လွှာလူတန်းစားဟူသည် ဒီမိုကရေစီလူ့ဘဝ၏ ခံတပ်၊ ဒီမိုကရေစီ၏ လျှို့ဝှက်လက်နက်၊ လူမှုဆက်ဆံရေးတန်ဖိုးများကို ကာကွယ်သူ၊ နိုင်ငံရေးအစွန်းရောက်မှုမှ ဖြေလျှော့စေသူ၊ ဆင်ခြင်တုံတရားဖြင့် သုံးသပ်ကာ တရားဥပဒေနှင့်အညီ အုပ်စိုးမှုကို ယုံကြည်သူ၊ စီးပွားရေးတိုးတက်မှု၏ မောင်းနှင်အား၊ အသစ်အသစ်သော ဝန်ဆောင်မှုများနှင့် ပစ္စည်းကိရိယာများကို ဖော်ဆောင်သုံးစွဲသူများဖြစ်သည်ဟု လက်ခံခဲ့ကြသည်။

လက်ဝဲ၏ ရုပ်ကြမ်းဝါဒတွင် လူတို့၏စိတ်ကိုထည့်မတွက်သဖြင့် လက်ဝဲဝါဒကြီး ပြိုကွဲခဲ့ရသည်။ အလုပ်သမားခေတ် ရောက်ပြီ၊ ထမင်းမငတ်တော့ဟု အာမခံသောအခါ စိတ်ဆိုးစိတ်ညစ်များ ပေါ်လာပြီး အလုပ်မလုပ်ဘဲ ရေသာခိုအချောင်လိုက်ကြသည့်အတွက် ကုန်ထုတ်လုပ်မှုကျပြီး အဆုံးတွင် လက်ဝဲဝါဒပြိုကွဲရသည့် အကြောင်းကြီးတစ်ရပ် ဖြစ်ခဲ့သည်။

အရင်းရှင်တို့သည်လည်း လူ့စိတ်ကို ထည့်မတွက်မိကြသဖြင့် စီးပွားရေးကပ်ကြီး ဆိုက်မည့်ဘေးမှ သီသီလေးလွတ်ခဲ့ကြသည်။ ဘဏ်များမှ အိမ်ဆောက်ရန် ငွေချေးရာတွင် အလုပ်ရှိသူ၊ အလုပ်မရှိသူမရွေး လာချေးသူဟူသမျှကို ရက်ရက်ရောရော ထုတ်ချေးသည်။ သို့သော် အလုပ်မရှိသူတို့က မဆပ်နိုင်။ ထို့ပြင် အလုပ်ရှိသူ၊ ဆပ်နိုင်သူတို့ကလည်း မဆပ်ဘဲနေကြသောအခါ ဘဏ်စနစ်ကြီး ပြိုကွဲပြီး စီးပွားရေးကပ်သို့ပင် ဦးတည်ခဲ့ရာ အစိုးရက အချိန်မီထောက်ပံ့နိုင်၍သာ ပြန်လည်နာလန်ထူနိုင်ခဲ့ခြင်းဖြစ်သည်။

အရင်းရှင်နိုင်ငံကြီးများမှ အလယ်လွှာလူတန်းစားတို့ စီးပွားကျဆင်းမှေးမှိန်နေသောအခါ စီးပွားရေးပညာရှင်တို့က ယနေ့ စီးပွားဖြစ်ထွန်း ချမ်းသာလာကြသော တရုတ်၊ ရုရှား၊ ဘရာဇီး၊ တူရကီ၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် အခြားတိုးတက်ဆဲတိုင်းပြည်များမှ အလယ်လွှာလူတန်းစားတို့သည် ကမ္ဘာ့ခေတ်သစ် စီးပွားတိုးတက်မှု လုံခြုံရေးကို ဖော်ဆောင်လာကြလိမ့်မည်။ စီးပွားချမ်းသာတိုးတက်လာကြသည်နှင့်အမျှ အနောက်တိုင်းဒီမိုကရေစီ အလယ်လွှာများကဲ့သို့ ဒီမိုကရေစီကို ဖော်ဆောင်ကာကွယ်သူများ၊ အရင်းရှင်ဝါဒကို တိုးပွားကျယ်ပြန့်စေသူများ စသည်ဖြင့် ပြောင်းလဲဖြစ်ပေါ်လာမည်ကို မျှော်လင့်လာကြသည်။ အချိန်နှင့်စီးပွားရေးတိုးတက်မှုများက ဝဲယာစပ်ဝါဒစွဲတိုင်းပြည်များရှိ အလယ်လွှာများ၏ အမြင်နှင့် ခံယူချက်ပြောင်းလဲမှုကို ဖန်တီးလိမ့်မည်ဟု ခန့်မှန်းထားကြသည်။

**သို့သော် ယင်းတို့ထင်တိုင်း မျှော်လင့်တိုင်းကား ဖြစ်မနေပါ။ ပြည်ပဩဇာခံသူများမဟုတ်သည့် မိမိတို့လူမျိုးက မိမိတို့ကို အုပ်ချုပ်နေသည်ကို ကျေနပ်သည်။ မိမိတို့ မည်သို့နေထိုင်စားသောက် ကျင့်ကြံကိုးကွယ်ရမည်ဆိုသည်တို့ကို ပြည်ပမှလာရောက်သင်ကြားပို့ချကြသည်ကို မခံလိုကြ။ မိမိတို့ကို အုပ်ချုပ်သူများသည် အာဏာရှင်ဖြစ်စေ၊ မဲပေးရွေးချယ်ခန့်အပ်သော အစိုးရဖြစ် စေ တိုင်းပြည် တိုးတက်ကြီးပွားအောင် လုပ်ပေးသည်ကို ခွင့်ပြုလက်ခံကြသည်။ ကျေနပ်ကြသည်။**

ဘရာဇီးနှင့် ရုရှားပြည်တို့မှ အလယ်လွှာလူတန်းစားတို့သည် လွတ်လပ်စွာပြောဆိုခွင့်ထက် အငတ်ဘေးမှ လွတ်မြောက်ရေးကို တန်ဖိုးထားကြသည်။ ဒီမိုကရေစီကျင့်သုံးသော တူရကီနှင့် အင်ဒိုနီးရှားကဲ့သို့ တိုင်းပြည်များတွင်ပင် အလယ်လွှာလူတန်းစားအများအပြားတို့မှာ မွတ်စလင်ဘာသာကို ယုံကြည်ကိုးကွယ်သူများဖြစ်ပြီး အမျိုးသမီးများမှာ ခေါင်းတွင် ပဝါအုပ်ထားတတ်ကြသည်။

**တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့သည် စီးပွားရေးတိုးတက်နေသဖြင့် စီးပွားရေးလုပ်ငန်းအချို့ကို ပြည်သူပိုင်သိမ်းသည်ကိုပင် ပြည်သူကလက်ခံကျေနပ်နေကြသည်။ တောင်အာဖရိက၊ တူရကီနှင့် အခြားတိုင်းပြည်များသည်လည်း မိမိခြေထောက်ပေါ် မိမိတို့ ရပ်တည်လိုသည့်ဆန္ဒဖြင့် ကြိုးစားလျက်ရှိကြသည်။**

**တစ်ရံရောအခါ နိုင်ငံရေးဝါဒလှိုင်းများ ကမ္ဘာ့၌ပျံ့နေစဉ်ကာလတုန်းက မျိုးချစ်စိတ်ဖြင့် မိမိတိုင်းပြည်ကို မိမိကောင်းအောင် ကြိုးစားမည့်မျိုးချစ်များကို မျက်ကန်းမျိုးချစ်များ၊ အမြော်အမြင်၊ အတွေးအခေါ် ညံ့ဖျင်းသူများဟု စွပ်စွဲပြောဆိုဖူးခဲ့ကြသည်။ ယခု ၂၀၁၀ ကာလတွင်မူ မျိုးချစ်စိတ်ဖြင့် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ကောင်းစားစေရန် ကြံစည်အားထုတ်မှုများသည် ခေတ်အမီဆုံး တွေးခေါ် လုပ်ကိုင်မှုဟု ကမ္ဘာက လက်ခံလာကြပြီ ဖြစ်သည်။ တိုင်းပြည်တိုင်းရှိ အလယ်လွှာလူတန်းစားအများစုမှာ မျိုးချစ်ပုဂ္ဂိုလ်များ ဖြစ်နေကြပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။**

**○ တစ်ရံရောအခါ နိုင်ငံရေးဝါဒလှိုင်းများ ကမ္ဘာ့၌ပျံ့နေစဉ်ကာလတုန်းက မျိုးချစ်စိတ်ဖြင့် မိမိတိုင်းပြည်ကို မိမိ ကောင်းအောင်ကြိုးစားမည့် မျိုးချစ်များကို မျက်ကန်းမျိုးချစ်များ၊ အမြော်အမြင်၊ အတွေးအခေါ် ညံ့ဖျင်းသူများဟု စွပ်စွဲပြောဆိုဖူးခဲ့ကြ။**

**○ ယခု ၂၀၁၀ ကာလတွင်မူ မျိုးချစ်စိတ်ဖြင့် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ကောင်းစားစေရန် ကြံစည်အားထုတ်မှုများသည် ခေတ်အမီဆုံး တွေးခေါ် လုပ်ကိုင်မှုဟု ကမ္ဘာက လက်ခံလာကြပြီဖြစ်။**

**○ တိုင်းပြည်တိုင်းရှိ အလယ်လွှာလူတန်းစားအများစုမှာ မျိုးချစ်ပုဂ္ဂိုလ်များ ဖြစ်နေကြပြီဖြစ်။**

☆**ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သိလိုသည်များကို မေးမြန်းပြီးနောက် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး အားကစား လေ့ကျင့်ရေးစခန်း၏ အကျယ်အဝန်းမှာ ၃၁ ဧကရှိပြီး ဘောလုံးကွင်းဧရိယာမှာ ၂၁ ဧက ရှိပါကြောင်း၊ ယခု ဘောလုံးကွင်းကို မြန်မာ-ဂျပန် ချစ်ကြည်ရေး အစီအစဉ်အနေဖြင့် တိုးချဲ့တည်ဆောက်မည့် အခြေအနေ၊ အဝင်အထွက် တံခါးပေါက်များ၊ ပြေးလမ်းများ၊ မီးတိုင်ကြီးများ၊ Score Board နှင့် ပွဲကြည့်စင်များ တိုးချဲ့ ပြုပြင်ဆောင်ရွက်သွားမည့် အစီအစဉ်ကိုလည်း တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း။

ယခု လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းကိုလည်း နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းအဖြစ် ပွဲကြည့်စင်များကို တိုးချဲ့တည်ဆောက်သွားရန်ဖြစ်ကြောင်း၊ ထိုသို့ တိုးချဲ့တည်ဆောက်ရာတွင် ဘောလုံးကွင်းကြီးများသည် တစ်ပြိုင်နက်တည်း ပွဲကြည့်ပရိသတ် ထောင်၊ သောင်းချီ၍ လာရောက်စုဝေးသည့် နေရာများဖြစ်ရာ ပွဲကြည့်ပရိသတ်များအတွက် အန္တရာယ်ကင်းရှင်းရေးနှင့် သက်သောင့်သက်သာ အားပေးကြည့်ရှုနိုင်ရေး၊ ဝင်လမ်း၊ ထွက်လမ်းများ ကောင်းမွန်ရေး၊ ယာဉ်ရပ်နားစခန်းများ၊ နားနေဆောင်များ၊ စားသောက်ဆိုင်များ၊ လူသွားစင်္ကြံကျယ်ကြီးများအပြင် ကွင်းမဆံ့၍ လျှံထွက်လာတတ်သည့် ပွဲကြည့်ပရိသတ်များအတွက် ကွင်းအပြင်၌ စုဝေးနေနိုင်သည့် နေရာများကိုပါ ထည့်သွင်းစဉ်းစား၍ ပြည့်ပြည့်စုံစုံ ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း မှာကြားသည်။



မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရန်ကင်းမြို့နယ် ကန်ဘဲ့လမ်းရှိ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ဆေးကုသဆောင်များ၊ ခွဲစိတ်ခန်းများ၊ Private ခန်းများ၊ Lecture Hall၊ ဆရာဝန်၊ သူနာပြုနားနေခန်းများနှင့် ဆရာဝန်၊ ဆရာမ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်တိုးချဲ့တည်ဆောက်မည့် ပွဲကြည့်စင်မြေနေရာကို အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော် အေးချမ်းသာယာရေး… ရန်ကင်းမြို့နယ် ကန်ဘဲ့လမ်းရှိ ခုတင်(၅… တာဝန်ရှိသူများအား မှာကြားစဉ်။

ကြည့်ရှုစစ်ဆေးရာ ဧရာဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော်က တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အသေးစိတ်ရှင်းလင်း

ယင်းနောက် အတွင်းရေးမှူး(၁)အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းသည် သင်္ဃန်းကျွန်းမြို့နယ်၌ တည်ရှိပြီး ရန်ကုန်မြို့လယ်မှ ခြောက်မိုင်ကွာဝေးပါကြောင်း၊ လူငယ် ၁၉၈၇ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ပရိသတ် ၂၀၀၀၀ ဝင်ဆံ့ပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြပြီးနောက် လက်ရှိဘောလုံးကွင်းနှင့် ပွဲကြည့်စင် ချိတ်ဆက်၍ ထပ်မံတိုးချဲ့ တည်ဆောက်မည့် အခြေအနေ၊ တိုးချဲ့နိုင်မည့်ပုံစံ၊ အရှေ့ဘက် ပွဲကြည့်စင်အမိုးနှင့် ထိုင်ခုံတိုးချဲ့မည့်အခြေအနေ၊ တောင်ဘက်နှင့် မြောက်ဘက် ပွဲကြည့်စင်တို့၌ ထိုင်ခုံများကို ပုံစံကားချပ်များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က မှာကြားရာတွင် အမျိုးသားအားကစား အဆင့်အတန်းမြင့်မားရေးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၊ အာရှအားကစားပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် နေပြည်တော်၌ နိုင်ငံတကာအဆင့်မီ ဘောလုံးအားကစားကွင်းနှစ်ကွင်း တည်ဆောက်လျက်ရှိပြီး မန္တလေးမြို့၌လည်း နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းအပါအဝင် အားကစားနည်း ပေါင်းစုံအတွက် အမျိုးသားအားကစားဥယျာဉ်စီမံကိန်း(မန္တလေး)





လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းအား နိုင်ငံတကာအဆင့်မီ တိုးချဲ့တည်ဆောက်သွားမည့် ပုံစံကို တွေ့ရစဉ်။ (သတင်းစဉ်)




ထို့နောက် အတွင်းရေးမှူး(၁)အား စီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် ကလေးဆေးရုံကြီး၏ အဆောက်အအုံ အမှတ်(၁)၊ (၂)၊ (၃)တို့တွင် ပါဝင်သော အရေးပေါ်ကုသဆောင်၊ ဆေးကုသဆောင်များ၊ သီးသန့်ခန်းများ ဖွဲ့စည်းထားရှိမှုနှင့် ရေနှင့် လျှပ်စစ်မီးရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က ရန်ကုန်မြို့၌ ယခင်ရှိပြီးဖြစ်သည့် ကလေးဆေးရုံကြီးရှေ့ မျက်နှာစာရှိ ယခင်ကျန်းမာရေးဝန်ကြီးရုံး အဆောက်အအုံကိုလည်း ကလေးဆေးရုံအဖြစ် တိုးချဲ့မွမ်းမံတည်ဆောက်နေကြောင်း၊ အလားတူ မန္တလေးမြို့၌လည်း ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီးကို ထပ်မံ

နိုင်ငံတော် အေးချမ်းသာယာ… အတွင်းရေးမှူး(၁) သီဟသူရဦးတင်… ကန်ဘဲ့လမ်းရှိ ခုတင်(၅၅၀)ဆံ့ ကလေး… လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

တိုးချဲ့တည်ဆောက်နေကြောင်း၊ ဆေးရုံကြီးများ တည်ဆောက်ရာတွင်လည်း ဆေးကုသမှုလိုအပ်ချက်နှင့် တည်ဆောက်မှုတို့ အသုံးတည့်၍ အံဝင်ခွင်ကျဖြစ်ရန်အတွက် ညှိနှိုင်းတည်ဆောက်ရန် မှာကြားသည်။

အဆိုပါ ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံ၌ အဆောက်အအုံ သုံးလုံးပါဝင်ပြီး အဆောက်အအုံ အမှတ် (၁)သည် ဧရိယာ စတုရန်းပေ ၁၂၄၁၀၀၊ အဆောက်အအုံ အမှတ် (၂)သည် ဧရိယာ စတုရန်းပေ ၇၅၁၂၀၊ အဆောက်အအုံအမှတ်(၃)သည် ဧရိယာ စတုရန်းပေ ၅၂၅၂ ပေ ကျယ်ဝန်းကာ အထူးကြပ်မတ်ကုသဆောင် အပါအဝင်

## အထက်ပိုင်းဒေသများတွင် ညအပူချိန်အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၃

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့်

## အခြေခံပညာကျောင်းပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်းက အမျိုးသား အသက် (၁၂)နှစ်အောက် Team Kata ပြိုင်ပွဲတွင် ပထမရရှိသော ဒဂုံမြို့နယ်(က)အသင်း၊ ဒုတိယရရှိသော ဒဂုံမြို့နယ်(ခ)အသင်း၊ တတိယရရှိသော ဗိုလ်တထောင်မြို့နယ်အသင်းနှင့် ဒဂုံမြို့နယ် (ဂ)အသင်းတို့အားလည်းကောင်း၊ ပြိုင်ပွဲတွင် ငွေတံဆိပ်နှစ်ခုဖြင့် အတိုးတက်ဆုံး အားကစားသမားဆုရရှိသော မောင်ကောင်းခန့် အမက(၃)မူလွန် မင်္ဂလာတောင်ညွန့်မြို့နယ်အား လည်းကောင်း၊ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဦးထင်လှိုင်က ပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခုဖြင့် အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရရှိသော မမြတ်ဖြိုးမြင့်သက် (အလက-၂၊ဒဂုံ)အား လည်းကောင်း၊ ရွှေနှစ်ခု၊ ကြေးတစ်ခုဖြင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆုရရှိသော မောင်လင်းဦး(အထက-၁၊ ဒဂုံ)အား လည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ရွှေတံဆိပ် ၁၂ ခုဖြင့် အသင်းလိုက် ပထမရရှိသော ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကရာတေးဒိုအသင်းအား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတွင် ကရာတေးဒိုအားကစားသမားမောင်/မယ် ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

(ကြေးမုံ)

## တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၁၀ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်၌ ယနေ့ဆက်လက်ကျင်းပရာ နံနက်ပိုင်းတွင် ပေါင်းလောင်းအားကစားကွင်း၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ)အသင်းက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေပိုင်းတွင် အမှတ်(၁)အားကစားကွင်း၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ပေါင်းလောင်းအားကစားကွင်း၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က)အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အားလပ်ရက်တွင် အေးဆေးစွာ ဝယ်ယူနိုင်မည့် KMD Christmas Road Show

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရုံးပိတ်ရက်များတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ အထူးဈေးနှုန်းများဖြင့် အေးအေးဆေးဆေး ဝယ်ယူရရှိနိုင်စေရန်ရည်ရွယ်၍ KMD Sales & Service Centre မှ Christmas Special Sales Road Show ကို ရန်ကုန်မြို့ရှိ KMD Sales & Service Centre တိုင်းတွင် ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) တစ်ရက်တည်းသာ ကျင်းပသွားမည်ဖြစ်သည်။

အထူးဈေးရောင်းပွဲတော်တွင် Lenovo, Acer, Hp, Dell, Prolink, Apple အစရှိသော Notebook Brand အစုံအလင်၊ မိသားစုသုံး Desktop Computer များ၊ Lenovo Branded Desktop များကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး Printer, Scanner, UPS စသော ကွန်ပျူတာ ဆက်စပ်ပစ္စည်းများကိုလည်း အများဆုံး ၆၀ ရာခိုင်နှုန်းအထိ လျှော့၍ ရောင်းချပေးသွားမည်ဖြစ်သည်။

ကွန်ပျူတာဈေးနှုန်းများ ကျဆင်းနေသည့်အလျောက် ယခင်က ငွေကျပ်ခြောက်သိန်းကျော် ရောင်းချခဲ့သော စွမ်းရည်မြင့် Acer Core 13 Notebook (Core 132 . 53GHz, 2GB DDR3, 500GB)များကို ယခုအခါ အထူးဈေးနှုန်းအနေဖြင့် ငွေကျပ်ငါးသိန်းလေးသောင်းကျော်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး လူငယ်အများအပြားနှင့် ဂျာနယ်လစ်များအကြိုက်တွေ့နေသော Prolink Notebook ကို ငွေကျပ်နှစ်သိန်းခြောက်သောင်းကျော်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်အနေဖြင့် ကွန်ပျူတာ ဝယ်ယူသူတိုင်းကို ငွေကျပ် ၇၅၀၀ တန် Pen Drive ကို ငွေကျပ် ၃၀၀၀ တည်းဖြင့် ရောင်းချပေးသွားမည့်အပြင် အများဆုံး ၅၀ ရာခိုင်နှုန်းထိ လျှော့ချထားသော ကွန်ပျူတာ ဆက်စပ် ပစ္စည်းများကို Special Offer အစီအစဉ်အနေဖြင့် နံနက် ၁၀ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီတွင်တစ်ကြိမ် ရောင်းချပေးသွားမည်ဖြစ်သည်။ထို့အပြင် ငွေကျပ်တစ်သိန်းဖိုးနှင့်အထက် ဝယ်ယူသူများကိုလည်း HP Printer, Pen Drive, Headset, Microlab Speakers, Wireless Mouse, Gift Voucher စသည့် တန်ဖိုးကြီး ဆုမဲများပါဝင်သော ပစ္စည်းများကိုလည်း ဗလာမပါ ကံစမ်းမဲများဖောက်၍ ပေးအပ်သွားမည်ဖြစ်သည်။ KMD Education Centre အနေဖြင့်လည်း ထိုနေ့တွင် သင်တန်းများကို ၃၀ ရာခိုင်နှုန်း လျှော့၍ လက်ခံပေးသွားမည်ဖြစ်ပြီး International Diploma သင်တန်း (IDCS)အတွက်လည်း သင်တန်းကြေး သုံးသောင်းလျှော့၍ လက်ခံပေးသွားမည်ဖြစ်သည်။

အသေးစိတ်စုံစမ်းသိရှိလိုပါက KMD (Sales & Service Centre) ပန်းဆိုးတန်းဆိုင်ခွဲ ဖုန်း-၃၈၅၁၇၇နှင့် ၂၄၅၁၈၀၊ ဘားလမ်းဆိုင်ခွဲ ဖုန်း-၀၉-၈၃၀၁၀၃၇ နှင့် ၀၉-၄၉၂၂၄၇၅၀၊ မြေနီကုန်းဆိုင်ခွဲ ဖုန်း-၅၀၂၂၄၄ နှင့် ၅၀၃၅၁၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နိုင် ငံ တ ကာ အား က စား သ တင်း

## စပိန်ဘုရင့်ဖလား ရှုံးထွက်ပြိုင်ပွဲ ရီးယဲလ်မက်ဒရစ် ဂိုးသွင်းစွမ်းရည်ပြ

**မက်ဒရစ် ဒီဇင်ဘာ ၂၃**

စပိန်ဘုရင့်ဖလား ၁၆ သင်းအဆင့် ရှုံးထွက်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းသည် လီဗန်တေးကို ရှစ်ဂိုးတိတိသွင်း၍ ဂိုးသွင်းစွမ်းရည်ပြခဲ့သည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဂိုးများကို ပွဲချိန် ၅ မိနစ်၊ ၃၁ မိနစ်၊ ၆၉ မိနစ်တို့တွင် ဘန်ဇီမာ၊ ၄၅ မိနစ်၊ ၇၂ မိနစ်၊ ၇၄ မိနစ်တို့တွင် စီရော်နယ်လ်ဒို၊ ၉ မိနစ်တွင် အိုဇေးလ်နှင့် မိနစ် ၉၀ တွင် လီယွန်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

### အခြားပွဲစဉ်ရလဒ်များ

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၅ | - | ၃ | မာလာဂါ |
| အယ်လ်မာရီးယား | ၄ | - | ၃ | မာယော့ကာ |
| အက်သလက်တီကို | ၁ | - | ၀ | အက်စပန်ညို |
| ဘက်တစ် | ၁ | - | ၂ | ဂီတာဖေး |
| ဘာစီလိုနာ | ၀ | - | ၀ | ဘီဘာအို |
| ဗလင်စီယာ | ၀ | - | ၀ | ဗီလာရီးရဲလ် |
| ကော်ဒိုဗာ | ၁ | - | ၁ | ဒီပို့တီဗို |

*အင်တာနက်။*



ရီးယဲလ်မက်ဒရစ်အတွက် ဟက်ထရစ်ဂိုးသွင်းပေးခဲ့သည့် စီရော်နယ်လ်ဒို။

## ဝင်းတင်(ကြေးမုံ)

## အင်္ဂလန်လူငယ်နည်းပြလုပ်ရန် ကာရေဂါနှင့် အက်ဖ်အေဆွေးနွေး

**လန်ဒန် ဒီဇင်ဘာ ၂၃**

လီဗာပူးအသင်းနှင့် အင်္ဂလန်နောက်ခံကစားသမား ကာရေဂါနှင့် အက်ဖ်အေမှ တာဝန်ရှိသူများသည် အင်္ဂလန်လူငယ်နည်းပြရာထူးအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေပြီဟု သိရသည်။

လီဗာပူးအသင်းနှင့် ကာရေဂါတို့၏ စာချုပ်သက်တမ်းမှာ နောက်ထပ် ၁၈ လ ကျန်နေသေးသည်။ ၎င်းအနေဖြင့် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းပြည့်ပြီးပါက ကစားသမားဘဝမှ အနားယူတော့မည်ဟု ထုတ်ဖော်ပြောကြားထားသည်။ အင်္ဂလန် လူငယ်အသင်းဟုဆိုရာဝယ် အင်္ဂလန်ယူ-၂၀ အသင်းတွင် နည်းပြစတူးဝပ်ပီယာ့စ်ကဲ့သို့ အရည်အချင်းပြည့်မီသည့် နည်းပြရှိနေ၍ အင်္ဂလန်ယူ-၁၆၊ ယူ-၁၈ အသင်းတို့အတွက် လျာထားဖွယ်ရာရှိနေသည်။

အသက် (၃၂)နှစ်ရှိ ကာရေဂါမှာ အင်္ဂလန်လူငယ်နည်းပြ တာဝန်နှင့် သင့်လျော်သူဖြစ်ကြောင်း အက်ဖ်အေတာဝန်ရှိသူတစ်ဦးကဆိုသည်။ ကာရေဂါမှာ လက်ရှိ အချိန်တွင် လီဗာပူးအသင်း၏ ဗဟိုခံစစ်နေရာတွင် ခြေစွမ်းပြကစားနေနိုင်သူ ဖြစ်သည်။ *အင်တာနက်။*



**ကစားသမားဘဝမှ အနားယူပါက နည်းပြလုပ်ရန် ကြံရွယ်နေသည့် ကာရေဂါ။**

## ဗန်းစတိန်းအား အက်ဖ်အေဥက္ကဋ္ဌခန့်

**လန်ဒန် ဒီဇင်ဘာ ၂၃**

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)သည် ဗုဒ္ဓဟူးနေ့တွင် ဘုတ်အဖွဲ့အစည်းအဝေး ပြုလုပ်ပြီး ဒေးဗစ်ဗန်းစတိန်းအား ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်သည်။

FA သည် လွန်ခဲ့သည့် မေလအတွင်းက နုတ်ထွက်သွားခဲ့သော ဥက္ကဋ္ဌဟောင်း လော့ဒ်ထရိုင်ယက်စ်မန် နေရာတွင် အစားထိုးရန် လျာထားသော နာမည်ကျော် ပုဂ္ဂိုလ်များထဲမှ မန်စီးတီးအသင်းဥက္ကဋ္ဌဟောင်း ဗန်းစတိန်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရေပန်းစားသူများထဲတွင် အာဆင်နယ်ဥက္ကဋ္ဌဟောင်း ဒေးဗစ်ဒိန်းနှင့် ဘောလုံးလိဂ်ဥက္ကဋ္ဌဟောင်း ဒေးဗစ်ရှိရှန့်တို့လည်း ပါဝင်သည်။ *အင်တာနက်။*

## စတီဗင်ဂျရတ်နှင့် ဒန်နီရယ်အဂ္ဂါ လီဗာပူးအတွက် Boxing Day တွင် ပြန်ကစားနိုင်မည်

**လီဗာပူး ဒီဇင်ဘာ ၂၃**

လီဗာပူးနည်းပြ ရွိုင်းဟော့ဒ်ဆန်က ဒဏ်ရာပြဿနာအသီးသီးဖြင့် အနားယူနေရသော အသင်းခေါင်းဆောင် စတီဗင်ဂျရတ်နှင့် နောက်ခံလူ ဒန်နီရဲယ် အဂ္ဂါတို့နှစ်ဦးသည် လာမည့် (တနင်္ဂနွေနေ့) Boxing Day တွင် ကစားမည့် ဘလက်ပူးအသင်းနှင့်ပွဲအတွက် အသင့်ဖြစ်နေမည်ဟု အတည်ပြုပြောကြားခဲ့သည်။

ဂျရတ်နှင့်အဂ္ဂါတို့ ပြန်လည်ကြံ့ခိုင်လာပြီဖြစ်ကြောင်း ၎င်းကသတင်းထောက်များအား ပြောကြားခဲ့သည်။

ဂျရတ်အတွက် ပွဲများကစားဖို့လိုအပ်နေပြီး ဖူလ်ဟမ်နှင့်ပွဲမှာ ရာသီဥတုအခြေအနေကြောင့် ရွှေ့ဆိုင်းလိုက်ရသည့်အတွက် လေ့ကျင့်ချိန် ပိုရခဲ့ကြောင်း ဟော့ဒ်ဆန်ကဆိုသည်။

လီဗာပူးအသင်းအတွက် ဂျမ်မီ ကာရေဂါနှင့် ဂျေးစပီယာရင်းတို့ နှစ်ဦးမှာ ပြန်လည်ကစားနိုင်ဦးမည် မဟုတ်သေးဟု သူကပြောကြားခဲ့သည်။

*အင်တာနက်။*



**လီဗာပူးအသင်းတွင် ပြန်လည်ကစားတော့မည့် စတီဗင်ဂျရတ်။**

## စိုးတင့်နိုင်

## ပေါင်တစ်သန်းခွဲအထက်ရလျှင် ဘာတန်ကို ရောင်းမည်ဟု နယူးကာဆယ်ဈေးဖြတ်

**နယူးကာဆယ် ဒီဇင်ဘာ ၂၃**

နယူးကာဆယ်အသင်းက ကွင်းလယ်ကစားသမား ဂျိုယေးဘာတန်အား ပေါင်တစ်သန်းခွဲနှင့်အထက် ပေးမည်ဆိုပါက ရောင်းထုတ်မည်ဟု ဆိုသည်။

ဒေးလီးမေးလ်သတင်းစာ၏ အဆိုအရ တန်းဆင်းဇုန်မှ ရုန်းထွက်ရန် ကြိုးစားနေရသော ဝက်စ်ဟမ်းအသင်းက ဘာတန်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု သိရသည်။

အက်စတွန်ဗီလာမှ ဆစ်ဝဲအား မခေါ်ယူရသေးခင်အချိန်အထိ ဝက်စ်ဟမ်းအသင်းက ဘာတန်ကို ခေါ်ယူလိုနေသည်ဟု သတင်းများ ထွက်ပေါ်နေခြင်းဖြစ်ပြီး ယခုအခါ ဆစ်ဝဲအား ရက်အနည်းငယ်အတွင်း အပြီးသတ်ခေါ်ယူနိုင်တော့မည်ဖြစ်ရာ ဘာတန်၏ ဝက်စ်ဟမ်းအပြောင်းအရွှေ့မှာ ဖြစ်နိုင်ခြေနည်းပါးနေသည်။

သို့သော် ပရိသတ်များ၏ ဝေဖန်မှုများကို ရှောင်လွှဲရန်အတွက် အက်စတွန်ဗီလာက ဘာတန်ကို ပြန်လည်ခေါ်ယူရန် စုံစမ်းမှုများပြုလုပ်နေကြောင်း သတင်းများတွင်ဖော်ပြသည်။ *အင်တာနက်။*

## ပိုပိုဆောင်ကြဉ်းပေးခဲ့သော အင်တာ၏အောင်မြင်မှုကို ဘင်နီတက်ဇ်ဖျက်ဆီးခဲ့ပြီဟု မော်ရင်ဟိုပြောကြား

**စပိန် ဒီဇင်ဘာ ၂၃**

ရီးယဲလ်မက်ဒရစ်နည်းပြ ဂျိုဆေး မော်ရင်ဟိုက ရာဖေးဘင်နီတက်ဇ်သည် အင်တာမီလန်အသင်းအား ပျက်စီးရာပျက်စီးကြောင်း လမ်းကြောင်းပေါ်သို့ ဆွဲချပစ်ခဲ့သည်ဟု ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်ပြောကြားလိုက်သည်။

"သူ အင်တာကနေ ဘယ်တော့ကန်အထုတ် ခံရမယ်ဆိုတာ ကျွန်တော်မသိချင်ပါဘူး။ ကျွန်တော်စိတ်ဝင်စားတာက အင်တာမီလန်အသင်း ဥက္ကဋ္ဌကြီးနဲ့ ကျွန်တော်ရဲ့ မိတ်ဆွေတွေ၊ ကစားသမားတွေနဲ့ ပြီးခဲ့တဲ့ နှစ်နှစ်တာကာလမှာ ကျွန်တော့်ကို ထောက်ခံခဲ့တဲ့ အသင်းပရိသတ်တွေပါ" ဟု မော်ရင်ဟိုက စပိန်အားကစားသတင်းစာ တစ်စောင်သို့ ပြော ကြားခဲ့သည်။

"အင်တာအသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲကလွဲရင် ပွဲတိုင်းအနိုင်ရစေချင်တယ်၊ ချန်ပီယံလိဂ်မှာတော့ ရီးယဲလ်အသင်းရှိနေလို့ပါ" ဟု သူကဆိုသည်။အင်တာကို ပြန်လည်ကိုင်တွယ်ဖြစ်မလားဆိုတဲ့မေးခွန်းအပေါ် မော်ရင်ဟိုက "ပြန်မသွားပါဘူးလို့ ဘယ်တုန်းကမှ မပြောခဲ့သလို အခြားတစ်သင်းကို မပြောင်းတော့ဘူးလို့လဲ မပြောနိုင်ပါဘူး" ဟု ဆိုသည်။

"လက်ရှိရီးယဲလ်နှင့် ဘာပြဿနာမှ မရှိပါဘူး။ ကျွန်တော်ရဲ့ အနာဂတ်က ပရီမီယာလိဂ် ဒါမှမဟုတ် အီတလီ ဖြစ်ကောင်းဖြစ်နိုင်တယ်"ဟု သူက ပြောကြားသည်။

*အင်တာနက်။*

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။



## အမရပူရမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**မန္တလေး ဒီဇင်ဘာ ၂၃**

အမရပူရမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဆင်ဘိုးကျေးရွာအုပ်စု ကွင်းအမှတ်(၅၆၇/က) ဦးပိုင်အမှတ် (၃၆/၈) တောင်သူလယ်သမား ဦးရဲအောင်၏ လယ်၌ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

စိုက်ပျိုးထားသော ကောင်းအဆင့် မနော်သုခ စပါးမျိုး သုည ဒသမ ၉၇ ဧကတွင် စံကွက်ရိတ်သိမ်းခဲ့ကြရာ အဆိုပါစံကွက်မှ စပါးအထွက်နှုန်းမှာ ၁၀၇ ဒသမ ၂၄ တင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၄၆၉)

## ဆည်ရေလှောင်တမံစီမံကိန်းလုပ်ငန်း(၃၀) ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တည်ဆောက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၃

**နိုင်ငံတော်က စိုက်ပျိုးရေရရှိရေးအပိုင်းကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ၁၉၈၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ဆည်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းပေါင်း ၂၃၃ ခု တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး စိုက်ပျိုးမြေဧရိယာ ဧကပေါင်း ၂၈၂၇၂၅၅ ဧကကို စိုက်ပျိုးရေပေးနိုင်ခဲ့ကြောင်း သိရှိရသည်။**

ဆက်လက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆည်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ဆက်လက်တည်ဆောက်လျက်ရှိရာ ကချင်ပြည်နယ်တွင် ပေါင်းနက်ရေလှောင်တမံ၊ ကရင်ပြည်နယ်တွင် ရေဘုတ်ရေလှောင်တမံ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မဏိပူရရေလှောင်တမံ၊ ရာဇဂြိုဟ်ရေလှောင်တမံ၊ ထမံသီရေလှောင်တမံ၊ အသေးစားရေလှောင်တမံများ၊ အင်ကြင်းသပိုးရေလှောင်တမံ၊ သိန်ရင်ရေလှောင်တမံ၊ မင်းမြင်ရေလှောင်တမံ၊ တနင်္သာရီတိုင်းဒေသကြီးတွင် အညာဖျားရေလှောင်တမံ၊ ပဲခူးတိုင်းဒေသကြီးတွင် ဖြူးချောင်းရေလှောင်တမံ၊ ကိုဒူးကွဲရေလှောင်တမံ၊ ပဂိုင်တာရေထိန်းတံခါး၊ မုက္ခာရေလှောင်တမံ၊ မကွေးတိုင်းဒေသကြီးတွင် ကြီးအုံကြီးဝရေလှောင်တမံ၊ မြစ်သားရေလှောင်တမံ၊ ဗူးရွာရေလှောင်တမံ၊ အထက်ဗူးရွာရေလှောင်တမံ၊ ပခုက္ကူဒေသစိမ်းလန်းရေးတမံ၊ မန္တလေးတိုင်းဒေသကြီးတွင် ဆည်တော်ကြီးရေကူတမံ၊ ပုလွေရေလှောင်တမံ၊ ဖောင်းလောင်ရေလှောင်တမံ၊ ပွဲကောက်ရေလှောင်တမံ၊ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးမြောင်းမကြီးတူးမြောင်းများ၊ နက်ကာရေလှောင်တမံ၊ မွန်ပြည်နယ်တွင် တနော့ရေလှောင်တမံ၊ ရှမ်းပြည်နယ်တွင် မြို့ကြီးရေလှောင်တမံ၊ ကျိုင်းခမ်းရေလှောင်တမံနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ကညင်ရေလှောင်တမံ၊ ဘုရားလှရေလှောင်တမံတို့ဖြစ်ပြီး တည်ဆောက်ဆဲ ဆည်/ရေလှောင်တမံစီမံကိန်းလုပ်ငန်း(၃၀)တွင် စုစုပေါင်းအကျိုးပြုဧရိယာ ဧကပေါင်း ၁၂၄၁၈၉၀ ကို စိုက်ပျိုးရေပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းမှတ်စု-သန်းဦး (သတင်းစဉ်)

ယနေ့ ဆောင်းပါးအညွှန်း
သိပ္ပံမျိုးတင်၏
"အလယ်လွှာမျိုးချစ်များ"
(ဆောင်းပါး) စာမျက်နှာ - ၆

❖ ပြည်ပသြဇာခံသူများမဟုတ်သည့် မိမိတို့လူမျိုးက မိမိတို့ကို အုပ်ချုပ်နေသည်ကို ကျေနပ်။
❖ မိမိတို့ မည်သို့နေထိုင်စားသောက် ကျင့်ကြံကိုးကွယ်ရမည်ဆိုသည်တို့ကို ပြည်ပမှ လာရောက်သင်ကြားပို့ချကြသည်ကို မခံလို။
❖ မိမိတို့ကို အုပ်ချုပ်သူများသည် အာဏာရှင်ဖြစ်စေ၊ မဲပေးရွေးချယ်ခန့်အပ်သော အစိုးရဖြစ်စေ တိုင်းပြည်တိုးတက်ကြီးပွားအောင် လုပ်ပေးသည်ကို ခွင့်ပြုလက်ခံကြ၊ ကျေနပ်ကြ။